# ဂျပန်နိုင်ငံရှိ ပညာတော်သင်ကျောင်းများ

## ဂျပန်ပညာသင်သွားရန် လိုအပ်သော ကျောင်းဝင်ခွင့်အရည်အချင်းနှင့် ကုန်ကျစရိတ်

ရန်ကုန်ပရက်စ်စာစောင်၏ ဩဂုတ်လထုတ်မှ အောက်တိုဘာလအထိ ဂျပန်သို့ မြန်မာပညာသင်ကျောင်းသားအရေအတွက်တိုးလာရခြင်းအကြောင်းနှင့် ဂျပန်ပညာသင်သွားခြင်း၏ဆွဲဆောင်မှုများကို ရေးသားဖော်ပြခဲ့ပါသည်။

ယခုလအတွက် ဂျပန်ပညာသင်သွားရန် လိုအပ်သောကျောင်းဝင်ခွင့်အရည်အချင်း (ပညာသင်နှစ်အရေအတွက်)နှင့်စပ်လျဉ်း၍ မိတ်ဆက်တင်ပြပေးသွားပါမည်။

ဂျပန်တက္ကသိုလ်များတွင် ဘွဲ့ကြို၊ မဟာတန်း၊ ပါရဂူအတန်းများတက်ရောက်နိုင်ပါသည်။ တက်ရောက်လိုသော ပညာသင်နှစ်အရေအတွက်အပေါ်မူတည်ပြီး လိုအပ်သောအရည်အချင်းများလည်း အသီးသီးကွဲပြားကြပါသည်။ ဘွဲ့ကြိုအတန်းတက်ရောက်ရန်အတွက် ပညာအရည်အချင်း ၁၂ တန်းပြီးဆုံးပြီးသူဖြစ်ရပါမည်။ မြန်မာနိုင်ငံတွင် အထက်တန်းပြီးဆုံးသည်အထိ ပညာသင်နှစ်အရေအတွက်မှာ ၁၁ နှစ်ဖြစ်သည်။ ထို့ကြောင့် ဂျပန်တက္ကသိုလ်သို့ဝင်ရောက်နိုင်ရန် လိုအပ်သော ၁ နှစ်ကိုဖြည့်စွက်တက်ရောက်ရန်လိုအပ်သည်။ ထိုသို့ ဖြည့်စွက်တက်ရောက်ရန် နည်းလမ်း ၂ မျိုးကိုဖော်ပြပေးပါမည်။ ပထမတစ်မျိုးမှာ မြန်မာနိုင်ငံမှ အထက်တန်းအောင်ပြီးနောက် ဂျပန်အစိုးရအသိအမှတ်ပြု ဂျပန်စာသင်ကျောင်းတွင် တစ်နှစ်ခန့်တက်ရောက်ကာ ဂျပန်တက္ကသိုလ်များသို့ဝင်ရောက်ခြင်းဖြစ်ပြီး ဒုတိယတစ်မျိုးမှာ မြန်မာနိုင်ငံရှိတက္ကသိုလ်တွင် ၁ နှစ် ထပ်မံတက်ရောက်ပြီးနောက် ဂျပန်တက္ကသိုလ်တွင် ပထမနှစ်ကျောင်းသားအဖြစ် ဝင်ရောက်ခြင်းဖြစ်ပါသည်။

မဟာတန်းတက်ရောက်ရန်အတွက် ပညာသင်နှစ်အရေအတွက် ၁၆ နှစ်တက်ရောက်ထားပြီးသူဖြစ်ရပါမည်။ မြန်မာနိုင်ငံရှိ ၄ နှစ်တက်ရောက်ရသောတက္ကသိုလ်များမှဘွဲ့ရထားသော်လည်း ပညာသင်နှစ်အရေအတွက်မှာ ၁၅ နှစ်သာဖြစ်ပါသည်။ လိုအပ်နေသေးသော ပညာသင်နှစ်အရေအတွက် ၁ နှစ်ကို ဂျပန်တက္ကသိုလ်တွင် သုတေသနကျောင်းသားအဖြစ် ၁ နှစ်ခန့် ပညာသင်ကြားခြင်းက အသင့်တော်ဆုံးဖြစ်သည်။ သုတေသနကျောင်းသားဆိုသည်မှာ ခရက်ဒစ်မရရှိဘဲသုတေသနပြုလုပ်သူကျောင်းသားဖြစ်ပါသည်။ ခရက်ဒစ်မရရှိသော်လည်း ပညာသင်နှစ် ၁ နှစ်အနေဖြင့်တွက်၍ရပါသည်။ သုတေသနကျောင်းသားအဖြစ်တက်ရောက်နေစဉ်အတွင်း ဆရာများထံမှ နည်းနာများရယူကာ နောက်နှစ်မဟာတန်းတက်ရန် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ရန်အကြံပြုလိုပါသည်။ သုတေသနကျောင်းသား၏သင်တန်းကြေးမှာ ပုံမှန်အားဖြင့်သက်သာပါသည်။ အစိုးရတက္ကသိုလ် ဘွဲ့ကြိုနှင့်ဘွဲ့လွန်ကျောင်းသားများ၏သင်တန်းကြေးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၃၀၀ ခန့် (ယန်း ၅၄ သောင်းခန့်) ဖြစ်သော်လည်း သုတေသနကျောင်းသား၏ သင်တန်းကြေးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၀ ခန့်ဖြစ်သည်။ ထို့ပြင် သုတေသနကျောင်းသားအဖြစ် တက်ရောက်နေစဉ်အတွင်း ဂျပန်ယဉ်ကျေးမှု၊ နေထိုင်မှုပုံစံနှင့်အလေ့အကျင့် စသည်များနှင့်ကျင့်သားရပြီး နောက်နှစ်မဟာတန်းတက်ရောက်ချိန်တွင် အခက်အခဲမရှိ လေ့လာသင်ယူနိုင်ပေမည်။

ပါရဂူအတန်းတက်ရောက်ရန်လိုအပ်ချက်မှာ မဟာတန်းပြီးဆုံးထားရန်ဖြစ်ပါသည်။ ထို့အတွက် ပါရဂူအတန်းအတွက် ဝင်ခွင့်စာမေးပွဲအောင်မြင်လျှင် အတန်းတက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပညာသင်နှစ်အရေအတွက်ထည့်သွင်းစဉ်းစားရန်မလိုပါ။

အထက်ပါဖော်ပြချက်များသည် ဂျပန်တက္ကသိုလ်များတွင်တက်ရောက်ရန်အတွက် လိုအပ်သောသတ်မှတ်ချက်များဖြစ်သည်။ တက္ကသိုလ်မဝင်မီတွင် ဝင်ခွင့်စာမေးပွဲများမဖြေမနေရဖြေဆိုရမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားများကိုလက်ခံလိုသော ဂျပန်တက္ကသိုလ်များလှပေသည်။

ဂျပန်ဘာသာဖြင့် သင်ကြားသောတက္ကသိုလ်များသာမက အင်္ဂလိပ်စာဖြင့်သင်ကြားသော တက္ကသိုလ်များလည်း များပြားလာနေပြီဖြစ်ရာ ဂျပန်နိုင်ငံတွင် ပညာသင်သွားရောက်ရန် အခွင့်အခါကောင်းပင်ဖြစ်သည်။ ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် စိတ်ပါဝင်စားသူများအတွက် Okayama University Japan Educational Information Center (OJEIC)က စောင့်ကြိုလျက်ရှိပေသည်။ Okayama တက္ကသိုလ်တစ်ခုတည်းအတွက်သာမဟုတ် ဂျပန်နိုင်ငံရှိ တက္ကသိုလ်များအားလုံး၏အကြောင်းကို အခမဲ့တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်သည်။

အသေးစိတ်ကိုအောက်ပါ facebook တွင် လေ့လာကြည့်ရှုနိုင်ပေသည်။

https://www.facebook.com/StudyinJapanOfficeYangon/

## Kanazawa University



Kanazawa တက္ကသိုလ်သည် ပညာရေးအဓိကသုတေသနတက္ကသိုလ်ဖြစ်ပြီး နှစ်ပေါင်း ၁၅၀ ကျော်သမိုင်းကြောင်းရှိတက္ကသိုလ်ဖြစ်သည်။ ကျွမ်းကျင်မှုနှင့် စိန်ခေါ်မှုများ ရှာဖွေနိုင်မှုစွမ်းအပြင် နိုင်ငံတကာအသိအမြင်များနှင့်ခွဲခြားစိတ်ဖြာနိုင်စွမ်းများမှရရှိလာသော လူသားပီသသည့် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးကို ပညာရေးရည်မှန်းချက်အဖြစ်ထားရှိသည်။

သိပ္ပံပညာဆိုင်ရာနိုင်ငံတကာအမြင်နှင့် သမိုင်းအမြင်တို့အပြင်ဂျပန်နိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အခြားသောနိုင်ငံများနှင့် ယဉ်ကျေးမှုခြားနားချက်များကိုနားလည်ပြီး ပညာတတ်လူ့အဖွဲ့အစည်း၏ခေါင်းဆောင်အဖြစ် စိန်ခေါ်မှုများဆက်လက်ပြုလုပ်နိုင်မည့် လူ့အရင်းအမြစ်တိုးတက်လာရေးကို လုပ်ဆောင်လျက်ရှိပေသည်။ ၂၀၁၄ ခုနှစ်တွင် ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကမ္ဘာ့အဆင့်မြင့်သုတေသနစွမ်းရည်ရှိသောတက္ကသိုလ် Internationalization ကိုမှီသောတက္ကသိုလ် super global တက္ကသိုလ်အဖြစ် အသိအမှတ်ပြုခဲ့သည်။ သင်ကြားမှုနယ်ပယ် ၃ ခု ၊ သင်ကြားပေးသောဘာသာရပ်အမျိုးအစား ၁၆ မျိုးကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်သည်။

**College of Human and Social Sciences**

School of humanities , School of law, School of Economics , School of Teacher Education , School of Regional Development Studies , School of International Studies

**College of Science and Engineering**

School of Mathematics and Physics, School of chemistry, School of Mechanical Engineering, School of Electrical and Computer Engineering, School of Environmental Design, School of Natural System

**College of Medical, Pharmaceutical and Health Sciences**

School of Medicine, School of Pharmacy, School of Pharmaccutical Sciences, School of Health Sciences

**6 graduate schools**

Graduate School of Human and Socio-Environmental Studies, Graduate School of Natural Science and Technology, Graduate School of Medical Sciences, Graduate School of Advanced Preventive Medical Sciences, Law School, Graduate School of Professional Development in Teacher Education

**Others**

University Hospital , Cancer Research Institute

**Examination fee . Admission fee . Tuition fee ( 2015 ခုနှစ် )**

| | Examination fee | Admission fee | Tuition fee |
|---|---|---|---|
| Undergraduate Courses | ယန်း 17,000 | ယန်း 282,000 | 535,800 ယန်း/ခုနှစ် |
| Graduate Schools | ယန်း 30,000 | ယန်း 282,000 | 535,800 ယန်း/ခုနှစ် |
| Research Students | ယန်း 9,800 | ယန်း 84,600 | 29,700 ယန်း/ခုနှစ် |

**ပညာသင်ထောက်ပံ့ကြေးဆိုင်ရာအချက်အလက်များ**

| | ANNUAL BUDGET | ELIGIBLE |
|---|---|---|
| Kanazawa University Special Scholarship System for Students (Acanthus Scholarship System) | 1,000,000 JPY | An international student who studied short-term at Kanazawa University in the past (who was officially enrolled) and who has again enrolled in the University as a regular student |
| Top Global University Study Grant to Support International Students | Within the budget (32,400,000 JPY) | A privately-financed international student who will study at the University for at least half a year, who is excellent in both academic achievements and as a person |

ဆက်သွယ်ရန် - Global Affairs Support Office
Kakuma-machi, Kanazawa, Ishikawa 920-1192 JAPAN
Website: http://www.kanazawa-u.ac./jp/e , E-mail: kokukou@adm.kanazawa-u.ac.jp
Tel: +81-76-264- 5245 , Fax: +81-76-234-4043

## ရန်ကုန်မြို့တွင် ဂျပန်ပညာရေးပွဲတော် ၂၀၁၆ ကျင်းပခဲ့



ဖွင့်ပွဲအခမ်းအနားအမှတ်တရပုံ


Seminar တွင် စိတ်ဝင်တစားနားထောင်နေသူများ

အောက်တိုဘာလ ၈ ရက်၊ ရန်ကုန်မြို့တွင် ဂျပန်ပညာရေးပွဲတော် ၂၀၁၆ ကို ဦးဆောင်ကျင်းပခဲ့သည်။ ဂျပန်နိုင်ငံမှအဖွဲ့အစည်း ၄၈ ဖွဲ့၊ ပူးပေါင်းကူညီပေးသောအဖွဲ့အစည်း ၇ ဖွဲ့၊ ၁၂၇၁ ဦး တက်ရောက်လေ့လာခဲ့ပြီး စည်ကားစွာ ကျင်းပပြီးစီးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် Okayama တက္ကသိုလ်မှ Executive Director and Vice-President Dr.ARAKI Masaru နှုတ်ခွန်းဆက်စကားအပြင် Myanmar Association of Japan Alumini (MAJA) မှ President Daw Si Si Shein, Ambassador Extraordinary and Plenipotentiary of Japan to the Republic of the Union of Myanmar Mr. Tateshi Higuchi, Department of Higher Education, Ministry of Education Deputy Director-General Prof.Dr.Nay Win Oo, University of Medicine(1) Rector Mr. Zaw Wai Soe, Mitsubishi Corporation International Economic Cooperation Department General Manager Mr.Watanabe Taimei တို့မှ ကြွရောက်လာသူများကိုရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် Seminar တွင် ဂျပန်ပညာသင်သွားခြင်းဆိုင်ရာနှင့်ဆက်နွယ်သော Presentation များအဖြစ် ဂျပန်နိုင်ငံဆိုင်ရာ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ (ဂျပန်နိုင်ငံ၏ နိုင်ငံခြားကျောင်းသားလက်ခံမှုအကျဉ်းချုပ်)၊ Okayama University Japan Educational Information Center (OJEIC) မှ (OJEIC ၏ မြန်မာပြည်တွင်းမှ ဂျပန်ပညာတော်သင်သွားလိုသူများအားထောက်ပံ့ပေးမှု)၊ Japan Student Services Organization (JASSO) မှ (Overview of the Study in Japan)၊ ဂျပန်သံရုံး၏ (သံရုံးမှ ဂျပန်ပညာသင်ကျောင်းသားများထောက်ပံ့မှု) ၊ Myanmar Association of Japan Alumini (MAJA) မှ (Examination for Japanese University Admission for International Students(EJU), Japanese Language Profieciency Test (JLPT)စာမေးပွဲများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခြင်း၊ ကုမ္ပဏီများမှ (ဂျပန်ကုမ္ပဏီများနှင့်ပတ်သက်သော Presentation) များအပြင် ဂျပန်ပညာသင်ကျောင်းသားဟောင်းများမှလည်း အတွေ့အကြုံများပြောကြားခြင်းဖြင့် စိတ်ဝင်စားဖွယ်ကြားနာခဲ့ရသည်။

တစ်ဦးချင်းဆွေးနွေးနိုင်သော booth များတွင်လည်း အဖွဲ့အစည်း ၄၅ ဖွဲ့မှ ဂျပန်ပညာရေးပွဲတော်သို့ လာရောက်ကြသူများ၏ ဆွေးနွေးမှုများကို လက်ခံဆွေးနွေးပေးခြင်းများအပြင် စာရွက်စာတမ်းဝေပေးသောနေရာတွင်လည်း အဖွဲ့အစည်း ၃ ဖွဲ့က တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ဂျပန်ယဉ်ကျေးမှုမိတ်ဆက်ပေးသောနေရာ၊ ဂျပန်ပညာသင်ကျောင်းသားဟောင်းများနှင့် လွတ်လပ်စွာဆွေးနွေးနိုင်သည့်နေရာများ စသည်ဖြင့် ဂျပန်နိုင်ငံအကြောင်းကို ပိုမိုစိတ်ဝင်စားလာစေရန် လုပ်ဆောင်နိုင်ခဲ့သည်။

ထို့အပြင် ဂျပန်ပညာရေးပွဲတော် မကျင်းပမီတစ်ရက်အလိုတွင် ဂျပန်မှလာရောက်ကြသောပါ ဝင်အဖွဲ့အစည်းများ၏ဆန္ဒအရ Okayama University Japan Educational Information Center (OJEIC)၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၊ ဂျပန်စာသင်တန်းကျောင်း စသည်များသို့ သွားရောက်လည်ပတ်လေ့လာခဲ့ပြီး OJEIC အကြောင်းနှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များအကြောင်းကို ပိုမိုသိရှိစေခဲ့ပါသည်။ Okayama တက္ကသိုလ်အနေဖြင့်လည်း မြန်မာနိုင်ငံမှလည်း ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခြင်းများ တိုးတက်လာစေရန် မျှော်လင့်မိပါသည်။

**ဆက်သွယ်ရန်**

Center for Global Partnerships and Education , International Student Division
TEL：086-251-8937